ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၄ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ"ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၃။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး ၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ၏ အခန်း(၈)ပါ ပြဋ္ဌာန်းချက်များအား ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

၄။ ဝန်ကြီးသည် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

၅။ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း နည်းဥပဒေ အခန်း ၁၃(က)၊ အခန်း ၁၃(ခ)နှင့် အခန်း ၁၃ (ဂ)တို့ပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ